dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How will the new Government reduce Poverty?"*

ဖြစ်ပါတယ်။(ဇန်နဝါရီ ၊၁၆၊၂၀၁၆ရိုက်ကူးသည်။)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " အစိုးရသစ် လက်ထက်မှာ ဆင်းရဲမွဲတေမှုကို ဘယ်လိုလျော့ချနိုင်မလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

လယ်ယာစိုက်ပျိုးရေးစနစ်ကို အခြေခံခဲ့တဲ့ မြန်မာနိုင်ငံမှာ နေထိုင်သူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက် က ကျေးလက်မှာ နေထိုင်လျက်ရှိပြီး ဆင်းရဲမွဲတေမှု ရာခိုင်နှုန်းအနေနဲ့ ဆိုရင်လည်း ကျေးလက်က မြို့ပြထက်နှစ်ဆလောက်ပိုများနေတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လည်း ဒီနေ့အခါမှာ ကျေးလက်ကနေ မြို့ပြတွေကိုရွှေ့ပြောင်းအခြေချသူတွေ ၊ ရွှေ့ပြောင်းလုပ်သားတွေ ၊ ပြည်ပကို ထွက်ခွာပြီး အလုပ်သွားရောက်လုပ်ကိုင်သူတွေဟာ နယ်ဒေသတွေက အများဆုံးဖြစ်နေပါတယ်။

၂၀၁၀ပြည့်နှစ်တွင် တက်လာခဲ့တဲ့ အစိုးရသစ်လက်ထက်မှာ ကောက်ယူခဲ့တဲ့ လူဦးရေစာရင်းအရ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ဒသမ ၄ သန်း ရှိနေပြီး ဆင်းရဲမွဲတေမှုအနေနဲ့ ၂၆ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။ အစိုးရသစ်အနေနဲ့ အဆိုပါ ဆင်းရဲမွဲတေမှု ၂၆ ရာခိုင်နှုန်းကို ၁၆ ရာခိုင်နှုန်းအထိ လျော့ ချသွားမယ်လို့ တရားဝင်ကြေညာခဲ့ပြီး ဆင်ရဲမွဲတေမှု လျော့ချရေး စီမံကိန်းတွေ အဖြစ် တောင်သူ လယ်သမားတွေကို ချေးငွေထုတ်ချေးပေးတာတွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလိုမျိုး တွေဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ဒ့ါအပြင် ၂၀၁၄ ခုနှစ် မေလအတွင်းက အရပ်ဖက်လူမှုအဖွဲ့အစည်းတွေနဲ့ သမ္မတ တွေ့ဆုံခဲ့ချိန်မှာ မြန်မာ့စီပွားရေး ဝန်းကျင်ဟာ ကာလရှည်ကြာ တည်ရှိနေခဲ့တဲ့ အမျိုးသားအကျိုးစီးပွား ပုံစံမကျမှုတွေကို တွေ့ရပြီး ဖြေရှင်း နိုင်ဖို့ " စီးပွားရေးနဲ့ လူမှုရေး ပြောင်းလဲမှု မူဘောင်" နဲ့ "ဆင်းရဲမွဲတေမှု လျော့ချရေးနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဘောင်" နှစ်ရပ် ချမှတ်ထားပြီဖြစ်တယ် ပြောကြားခဲ့ပါတယ်။

အစိုးရအဖွဲ့အနေနဲ့ နိုင်ငံအတွင်း ဆင်ရဲမှုလျော့ချနိုင်ဖို့အတွက် ကျန်းမာရေးကဏ္ဍပိုင်းအတွက် အသုံး စရိတ်တိုးမြှင့်ဆောင်ရွက်ဖို့ စီစဉ်မှုတွေဆောင်ရွက်ခဲ့တာလည်း တွေ့မြင်ရပြီး တန်ဖိုးနည်း(ဝါ) တန်ဖိုးမျှတ အိမ်ရာစီမံကိန်းလိုမျိုး အစီအစဉ်တွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့မှာ တန်ဖိုးနည်း အိမ်ရာစီမံကိန်းဟာ မြေပုံပေါ်အကွက်ချကတည်းက ဝယ်ပြီးသားဆိုတဲ့ အသံတွေနဲ့ အိမ်ပိုင်ရှိပြီးသား သူတွေလက်ထဲကိုသာရောက်သွားခဲ့ပြီး တကယ်လိုအပ်နေတဲ့ သူတွေ လက်ထဲ ရောက်မလာခဲ့တာကြောင့် ရန်ကုန်မြို့မှာ ဝင်ငွေအသင့်အတင့်ရှိတဲ့ အိမ်လက်မဲ့ ဦးရေ လျော့မသွားဘဲ  ခြောက်လတစ်ကြိမ် ခုန်တက်လေ့ ရှိတဲ့ အိမ်ငှားခပေးချေဖို့ လုံးပန်းရင်း အိုးအိမ်ပိုင် ဘဝကို အိမ်မက်သာ ဆက်မက်နေခဲ့ရတာကြောင့်လည်း ဆင်းရဲတွင်းက လွတ်နိုင်ဖို့ အစိုးရရဲ့ ဆင်းရဲမွဲတေမှု လျော့ချရေးစီမံကိန်းနဲ့ နည်းလမ်းတွေအပေါ် ယုံကြည်မှုက ဂေဂါးဂါးသာဖြစ်နေခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး လုပ်ငန်းအတွက် ကမ္ဘာ့ဘဏ်က စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်း၊ ဝင်ငွေတိုးတက်စေဖို့  မြှင့်တင်ပေးခြင်း၊ ပြည်သူတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ ပြည်သူ့ ဝန်ဆောင်မှုထောက်ပံ့ပေးခြင်း နှင့် စီးပွားရေး လုပ်ငန်းများ ကောင်းမွန်စွာ လုပ်နိုင်မယ့် ဝန်းကျင်ကောင်းဖန်တီးပေးခြင်း စတဲ့ အချက် လေးချက် ကိုဖော်ဆောင်ဖို့လိုတယ်လို့  ၂၀၁၄ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြထားခဲ့ပါတယ်။

အဲဒီအချက်တွေနဲ့ပတ်သက်လို့ ကျေးလက်ဒေသ ပြည်သူတွေရဲ့ ဝင်ငွေမြှင့်တင်နိုင်ဖို့ ဆန်စပါး အထွက်နှုန်းတိုးတက်စေခြင်း၊ သီးနှံအမျိုးအစားစုံစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခြင်း၊ တန်ဖိုး မြှင့် သီးနှံနဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ လုပ်ဆောင်ပေးခြင်း၊ မြေယာ ပိုင်ဆိုင်မှု နဲ့  စပ်လျဉ်းပြီး ခိုင်မာမှု ရှိအောင်လုပ်ဆောင်ပေးခြင်း စတာတွေကို အစိုးရနဲ့ အဖွဲ့အစည်းတွေက  ဆောင်ရွက်နိုင်မယ်လို့ အကြံပြု ထားပါတယ်။ ဒ့ါအပြင် အခြေခံပြည်သူ့ဝန်ဆောင်မှုတွေဖြစ် တဲ့ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ ရေနဲ့သန့်ရှင်းရေး၊ လျှပ်စစ်မီးတွေကိုလည်း အများပြည်သူ လက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရဆုံးဖြစ်တဲ့ အခြေခံ လူတန်းစားတွေကို တိုက်ရိုက် ကူညီနိုင်မယ်လို့လည်း ပါရှိပါတယ်။

၂၀၁၆ မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း အသင့်အတင့်ရှိနိုင်ပေမယ့်မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်းရှိနိုင်တယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပြီး ၂၀၁၅ ခုနှစ်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်း ရှိတာကြောင့် ၂၀၁၆ သည် ၂၀၁၅ ထက် ၁ ဒသမ ၃ ရာခိုင်နှုန်း ပိုများမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်း ထားတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ မြန်မာ့နိုင်ငံရေးတည်ငြိမ်သွားရင် ဝင်လာဖို့ရှိတဲ့ နိုင်ငံတကာက စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ရွေးကောက်ပွဲအပြီး တက်ရောက်လာမယ့် အစိုးရသစ်အနေနဲ့ စိန်ခေါ်မှုများစွာထဲကတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုကို ဘယ်လောက်တွန်းတင်နိုင်မလဲ ၊ ဘယ်လိုနည်း လမ်းတွေနဲ့ တွန်းတင်ကြမလဲ စတာတွေကို ဒီတစ်ပတ်ရဲ့ ဒီဗွီဘီ ဒီဘိတ်က ဆွေးနွေးတင်ဆက်မှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ကျနော်တို့ရွာမှာ လယ်လုပ်တဲ့သူတွေ သိပ်မရှိကြတော့ဘူး။ လုပ်ခရတာလည်း နည်းတယ်၊ ပင်လဲပင်ပန်းကြတော့ မြို့တက်ပြီး အလုပ် လုပ်ကြတော့တယ်"

**ဦးကျော်အောင်** - ရောဂတီတိုင်း ဘိုကလေးမြို့နယ်ဒေသခံ

"ကျေးလက်မှာနေတဲ့ လူတွေက ပညာရေးအဆင့် နိမ့်တယ်။ ကုန်ထုတ်လုပ်မှုတန်ဖိုးကလည်း မရှိသလောက် နည်းတယ်"
**မစ္စတာ Khwima Nthara** -  ကမ္ဘာ့ဘဏ် စီးပွားရေးပရိုဂရမ်ခေါင်းဆောင်

## *Information links:*

www.7daydaily.com
**www.dvbdebate.net**
www.facebook.com/dvb.debate